## **KNU-** ကရင်အမျိုးသားအစည်းအရုံး
## ဒူးပလာယာခရိုင်
## ထုတ်ပြန်ကြေငြာချက်

၂၀၀၃ ခုနှစ် နိုဝင်ဘာလ(၂၁)ရက်

(၁) ၂၀၀၃ ခုနှစ်နိုဝင်ဘာလ(၁၉)ရက်နေ့မှ(၂၁)ရက်နေ့အထိ **KNU-** ကရင်အမျိုးသားအစည်းအရုံး ဒူးပလာယာခရိုင် အမှတ်(၆)တပ်မဟာရှိ စစ်ဘက်နယ်ဘက်ခေါင်းဆောင်တပ်မှူးများ အထူးအရေးပေါ်အစည်းအဝေးတရပ်ကို ခရိုင်ရုံးတွင်ကျင်းပခဲ့သည်။

(၂) အစည်းအဝေးတွင် လက်ရှိဖြစ်ပေါ်ပြောင်းလဲလျက်ရှိသော နိုင်ငံရေးအခြေအနေများ (၁၅)ကြိမ်မြောက် **KNU-** ကွန်ကရက်မှ ချမှတ်ခဲ့သောရှေ့လုပ်ငန်းစဉ်များနှင့် ဒေသအတွင်း ဖြစ်ပေါ်လျက်ရှိသော လုပ်ငန်းအခြေအနေအရပ်ရပ်ကို ဆွေးနွေးသုံးသပ်ပြီးလုပ်ငန်းဆုံးဖြတ်ချက်အချို့ချမှတ်ခဲ့သည်။

(၃) မြန်မာနိုင်ငံအတွင်းတိုးဖေါက်ခွဲမှုနှင့်ပါတ်သက်၍ ဆွေးနွေးမှုများပြုလုပ်ခဲ့ရာတွင် ယင်းလုပ်ရပ်သည် အကြမ်းဖက်လုပ်ရပ်ဖြစ်ပြီး ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ထိခိုက်စေသည့်အပေါ် ပြင်းပြင်းထန်ထန်ကန့်ကွက်သည်။

(၄) မြန်မာနိုင်ငံအတွင်း စစ်မှန်သောပြည်တွင်းငြိမ်းချမ်းရေး ဖေါ်ဆောင်ရေးလုပ်ငန်းများကို ကူညီအားပေးမည်ဖြစ်ပြီး ယင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်ပျက်စီးစေမည့်လုပ်ဆောင်ခြင်းနှင့် မည်သည့်အကြမ်းဖက်လုပ်ရပ်မျိုးကိုမဆို ဆန့်ကျင်ကန့်ကွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

KNU- ကရင်အမျိုးသားအစည်းအရုံး
ဒူးပလာယာခရိုင်